# မြန်မာနိုင်ငံအလုပ်သမားလယ်သမားမဟာမိတ်ပါတီ

## Alliance of Myanmar's Worker and Farmer Party
## (A-M-W-F-P)




# ပါတီအခြေခံစည်းမျဉ်း

# နှင့်

# ဖွဲ့စည်းပုံ

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | မူဝါဒသဘောထား | ၂ |
| ၃။ | အခန်း(၁)ပါတီ၏ အမည်နှင့် အဓိပ္ပါယ် ဖော်ပြချက် | ၄ |
| ၄။ | အခန်း(၂) ပါတီ၏ ဖွဲ့စည်းပုံအဆင့်ဆင့် | ၇ |
| ၅။ | အခန်း(၃)ပါတီ(ဗဟို)အလုပ်အမှုဆောင် ကော်မီတီအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့် တိုင်း/ပြည်နယ်/ခရိုင်/မြို့နယ်/ရပ်/ကျေး တာဝန်နှင့် လုပ်ပိုင်ခွင့်များ | ၉ |
| ၆။ | အခန်း(၄) လုပ်ငန်းကော်မီတီခွဲများ ဖွဲ့စည်းခြင်း | ၁၂ |
| ၇။ | အခန်း(၅)ပါတီဝင်များလိုက်နာရမည့် စည်းကမ်းများ၊ အရေးယူဆောင်ရွက်ခြင်း၊ အစည်းအဝေးခေါ်ခြင်း၊ | ၁၂ |
| ၈။ | အခန်း(၆) ပါတီအခြေခံစည်းမျဉ်းအား ပြင်ဆင်ဖြည့်စွက်ခြင်း | ၁၅ |

....................

## နိဒါန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်သည် ဒီမိုကရေစီလူ့ဘောင် ဖြစ်ပါသည်။

ခေတ်မှီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရအဖွဲ့နှင့် နိုင်ငံတော်ဝန်ထမ်းများ၊ အလုပ်သမားများ၊ တောင်သူလယ်သမားများနှင့် လုပ်ငန်းရှင်များ၊ လူမှုအသင်းအဖွဲ့များ၊ နိုင်ငံရေးဦးဆောင်ပါတီများအပါအဝင် နိုင်ငံသားအားလုံး၌ တာဝန် ရှိကြပါသည်။

နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီ မည်သူမဆို ဥပဒေစည်းကမ်းလိုက်နာခြင်း နှင့် ရရှိသည့်အခွင့်အရေး တန်းတူညီမျှစွာ ခံစားကြရမည်ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွင်း၌ လူမျိုးပေါင်း(၁၃၅)မျိုး၏ လူဦးရေ(၅၄) သန်းကျော်ရှိသည့်အနက် လူဦးရေ(၇၅%)နှုံးသည် အလုပ်သမားလူတန်းစားနှင့် ကျေးလက်နေအခြေခံ တောင်သူလယ်သမားများဖြစ်ကြပါသည်။

ထိုသို့ တိုးတက်ပြောင်းလဲနေသော ခေတ်နှင့်အညီ လက်မှုလယ်ယာမှ စက်မှုလယ်ယာ အသွင်သို့ ကူးပြောင်းနိုင်ရေးအတွက် အထူးလိုအပ်လျှက်ရှိပါသည်။

နိုင်ငံတော်အနေဖြင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ထူထောင်ချိန်တွင် နိုင်ငံတော်အား တစ်ဖက်တစ်လမ်းမှ အကူအညီပေးရန်အတွက်လည်းကောင်း၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှုလျက် ပူးပေါင်းပါဝင် ဆောင်ရွက်ရေးအတွက်သော်လည်းကောင်း၊ ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် ဥပဒေ၊ နည်း ဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်မည့် အခြားသောပါတီများနှင့်အတူ လက်တွဲဆောင် ရွက်ရန်အတွက်သော်လည်းကောင်း၊ အခြေခံ အလုပ်သမား၊ တောင်သူလယ်သမားတို့၏ လူမှုဘဝတိုးတက် မြင့်မားစေရေးအတွက်သော်လည်းကောင်း နိုင်ငံတော်အတွက် ဆန္ဒတူညီသူများတို့နှင့် ပူးပေါင်းဆောင် ရွက်သွားရန် ဤမြန်မာနိုင်ငံအလုပ်သမားလယ်သမားမဟာမိတ်ပါတီ (Alliance Of Myanmar's Worker And Farmer Party) ကို ဖွဲ့စည်းတည်ထောင်ခြင်းဖြစ်ပါသည်။

W-19 (A4)Simun 138

....................

## မူဝါဒသဘောထား

၁။ **နိုင်ငံရေးဆိုင်ရာ မူဝါဒ**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာသည် ပြည်သူလူထု၏ ဒီမိုကရေစီစနစ်ကို အခြေခံ၍ လက်မှုမှ စက်မှုသို့ ကူးပြောင်းထူထောင်မှုအပေါ် အလေးထားရပ်တည်မည်။

(ခ) သဘောထားကွဲလွဲမှု၊ သာတူညီမျှရှိမှု၊ လူမှုအခွင့်အရေးဆုံးရှုံးမှု စသည့်အကြောင်းအမျိုးမျိုးသော စိန်ခေါ်မှု ပြဿနာများကို တွေ့ဆုံဆွေးနွေးညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှု ရရှိနိုင်သည်ကို အလေးနက်ထားဆောင်ရွက်မည်။

(ဂ) နိုင်ငံသားအားလုံး၏ ရသင့်ရထိုက်သော အခွင့်အရေးများ တန်းတူညီတူ ရရှိခံစားခွင့်ကို ရရှိအောင် ဆောင်ရွက်ပေးမည်။

၂။ **ရည်ရွယ်ချက်**

(က) အခြေခံအလုပ်သမား၊ တောင်သူလယ်သမားများ၏ လူမှုဘဝ တိုးတက်မြင့်မားစေရေး၊

(ခ) အခြေခံအလုပ်သမား၊ တောင်သူလယ်သမားများ၏ စည်းရုံးညီညွတ်မှုကို ဦးဆောင်ဆောင်ရွက်ပေးရေး၊

(ဂ) နိုင်ငံတော်၏ အမျိုးသား အကျိုးစီးပွားရေးကို အလေးထားဆောင်ရွက်သည့် အလုပ်သမား တောင်သူလယ်သမားအဖွဲ့အစည်းများ ပြည့်စုံစွာပေါ်ပေါက်စေရေး၊

(ဃ) ခေတ်နှင့်အညီ လက်မှုစနစ်မှ စက်မှုလုပ်ငန်းနှင့် လယ်ယာမြေခေတ်မီဖွံ့ဖြိုးတိုးတက်စေသော စက်မှုစနစ်များသို့ အမြန်ကူးပြောင်းရန် ဆောင်ရွက်စေရေး၊

(င) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် အလုပ်သမား၊ တောင်သူလယ်သမားထု တစ်ရပ်လုံးမှ နိုးကြားတက်ကြွစွာ ပူးပေါင်းဆောင်ရွက်အကောင်အထည်ဖော်ဆောင်ပေးရေး၊

(စ) အခြေခံအလုပ်သမား၊ တောင်သူလယ်သမားများအားလုံး ဒီမိုကရေစီစနစ်နှင့်အညီ လူ့အခွင့်အရေးများ အပြည့်အဝခံစားခွင့်ရရှိစေရေး၊

(ဆ) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အစဉ်ထိန်းသိမ်းကာကွယ် စောင့်ရှောက်စေရေး၊

၃။ **မြန်မာနိုင်ငံအလုပ်သမားလယ်သမားမဟာမိတ်ပါတီ၏ လမ်းစဉ်**

အလုပ်သမားများ၊ တောင်သူလယ်သမားများ အခြေခံလူတန်းစားများ၏ လူနေမှုဘဝ တိုးတက် မြင့်မားစေရေးအတွက် ဥပဒေနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်သဖြင့်

W-19 (A4)Simm 13

.........................

မြန်မာနိုင်ငံ အလုပ်သမားလယ်သမားမဟာမိတ်ပါတီသည်-

(က) ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဥပဒေဘောင်အတွင်းမှ ရပ်တည်ဆောင်ရွက်သွားမည်။

(ခ) ပါတီစုံဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် နိုင်ငံတော်အစိုးရအဖွဲ့အစည်းများ၊ အခြားသောနိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စည်းရုံးညီညွတ်မှုကို အခြေခံကာ အတူလက်တွဲဆောင်ရွက်သွားမည်။

(ဂ) နိုင်ငံသားများ၏ လူ့အခွင့်အရေး နစ်နာဆုံးရှုံးမှုများကို ဥပဒေနှင့်အညီ ကူညီပူးပေါင်း ဆောင်ရွက်သွားမည်။

## ၄။ မြန်မာနိုင်ငံအလုပ်သမား၊ လယ်သမားမဟာမိတ်ပါတီ၏ ရှေ့လုပ်ငန်းစဉ်များ

မြန်မာနိုင်ငံ အလုပ်သမား၊ လယ်သမားမဟာမိတ်ပါတီသည် အလုပ်သမား၊ တောင်သူလယ်သမား၊ အခြေခံလူတန်းစားများ၏ အကျိုးစီးပွားအတွက် အောက်ဖော်ပြပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားမည်-

(က) နိုင်ငံတော်မှ ပြဋ္ဌာန်းထားသော အလုပ်သမား၊ တောင်သူလယ်သမားတို့၏ ဥပဒေပါ အခွင့်အရေးများကို ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်ရေးအတွက် ပူးပေါင်းကူညီဆောင်ရွက်ပေးရေး၊

(ခ) လက်မှုမှ စက်မှုသို့ ကူးပြောင်းရေးတွင် လိုအပ်သည့် နည်းပညာ၊ အရင်းအနှီး၊ စက်ပစ္စည်း၊ ကုန်ကြမ်း အစရှိသည်တို့ကို အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးရေး၊

(ဂ) နိုင်ငံတော်မှ ဖွဲ့စည်းပေးထားသည့် အလုပ်သမားအဖွဲ့၊ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ စသည့် ကော်မတီများတို့နှင့် လိုအပ်သော အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင် ဆောင်ရွက် စေရန် အကူအညီဖြည့်ဆည်းဆောင်ရွက်ပေးရေး၊

(ဃ) အလုပ်သမားရေးရာကိစ္စတွင်လည်းကောင်း၊ တောင်သူလယ်သမားရေးရာအမှုကိစ္စများ တွင် ဖြေရှင်းဆောင်ရွက်ရာ၌ အမှုသည်များကိုယ်စား တတ်သိနားလည်သော ကိုယ်စား လှယ်များဖြင့် ဖြေရှင်းဆောင်ရွက်ခွင့်ရရှိရေး၊

(င) နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် အလုပ်သမားဥပဒေနှင့် တောင်သူလယ်သမား ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေနှင့်အညီ တိကျစွာ လိုက်နာကျင့်သုံးဖြေရှင်းဆောင် ရွက်ပေးရေး၊

(စ) အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲလာသော အခြေအနေများအပေါ် အခြေပြု၍ အလုပ်သမား ဥပဒေ၊ တောင်သူလယ်သမားဥပဒေများကို ခေတ်နှင့်အညီ ဖြည့်စွက်ပြဋ္ဌာန်းရန် ဆောင် ရွက်ရေး၊

W-19 (A4)Sinan 140

……………………

(ဆ) နိုင်ငံတော်အစိုးရဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့အစည်းနှင့် အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများ၊ အခြားနိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ စသည် တို့နှင့် မဟာမိတ်ပြု ပူးပေါင်းလက်တွဲဆောင်ရွက်ရေး၊

(ဇ) အလုပ်သမား၊ တောင်သူလယ်သမားများ၏ နစ်နာဆုံးရှုံးမှုများကို ဥပဒေ၊ နည်းဥပဒေနှင့် အညီ ကူညီဆောင်ရွက်ပေးရေး၊

(ဈ) အလုပ်သမားများ၊ တောင်သူလယ်သမားများ၏ အသိပညာတိုးတက်စေရေးအတွက် သင်တန်းများ ဖွင့်လှစ်ခြင်း၊ စာစောင်၊ ဂျာနယ်ထုတ်ဝေခြင်းများ၊ စည်းရုံးဟောပြောခြင်းများ ဆောင်ရွက်ပေးရေး၊

(ည) ပါတီစုံဒီမိုကရေစီ နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် လူမျိုးဘာသာမခွဲခြားဘဲ နိုင်ငံသား အားလုံးမှ တက်ညီလက်ညီဖြင့် တည်ငြိမ်အေးချမ်းစွာ ပူးပေါင်းဆောင်ရွက်ရေး၊

(ဋ) ပါတီစုံဒီမိုကရေစီ နိုင်ငံတော် တည်ဆောက်ရာ၌ နိုင်ငံသားများ၏ စားဝတ်နေရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဘာသာရေး၊ အလုပ်သမားရေး၊ လယ်ယာ စိုက်ပျိုးတိုးတက်ရေး၊ လူမှုဆက်ဆံရေး စသည့်ရေးရာကိစ္စအဝဝတွင် ဦးဆောင်ဦးရွက် ပါဝင်ဆောင်ရွက်ရေး၊

## အခန်း(၁)

### ၁။ ပါတီအမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

ပါတီ၏ အမည်ကို "မြန်မာနိုင်ငံအလုပ်သမားလယ်သမားမဟာမိတ်ပါတီ(Alliance Of Myanmar's Worker and Farmer Party)"ဟုခေါ်တွင်စေသည်။

အင်္ဂလိပ်ဘာသာစကား အတိုကောက်မှာ (A.M.W.F.P)ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွင်း မှီတင်းနေထိုင်ကြသော အလုပ်သမား၊ တောင်သူ လယ်သမား၊ အခြေခံလူတန်းစားတို့၏ ဆင်းရဲမှုပပျောက်၍ လူမှုဘဝမြင့်မားတိုးတက်စေရေးတို့အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့အစည်းများ၊ နိုင်ငံတော်ဒီမိုကရေစီအရေးဆောင်ရွက်သည့် အခြားသော ပါတီအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ စည်းကမ်းပြည့်ဝသော ဒီမို ကရေစီနိုင်ငံပေါ်ပေါက်ရေး ဆန္ဒရှိသူ နိုင်ငံသားအားလုံးနှင့် မဟာမိတ်ဖွဲ့ ပူးပေါင်းဆောင်ရွက်မည်။

W-14 (A4)Simm 141

## ၂။ ပါတီအလံနှင့်ပါတီတံဆိပ်၊ ရုံးသုံးတံဆိပ်များ


### (က) ပါတီအလံသည်

(၁) အလျား (၆)ပေ ၊ အနံ (၄)ပေ ရှိသော နောက်ခံအနီရောင်ဖြစ်ပါသည်။

(၂) အလယ်တွင် အချင်း(၂)ပေရှိ အဝါရောင် စက်ဝိုင်းတစ်ခု ဖြစ်ပါသည်။

(၃) အလံ၏ဗဟို အဝါစက်ဝိုင်းထဲတွင် အရှည် (၁. ၅)ပေရှိ အစိမ်းရောင်ခြယ်ထားသော မြန်မာပြည်မြေပုံဖြစ်ပါသည်။

**(ပါတီအလံ)**




### (ခ) ပါတီအလံ၏အဓိပ္ပါယ်ဖော်ဆောင်ချက်သည်

(၁) နောက်ခံအနီရောင်သည် အလုပ်သမား၊ တောင်သူလယ်သမားနှင့် အခြေခံလူတန်းစားတို့၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရန် ရဲရင့်တည်ကြည်မှုရှိသည်ကို ရည်ညွှန်းသည်။

(၂) အလယ်အချင်း(၂)ပေ အဝိုင်းရှိ အဝါရောင်သည် မေတ္တာတရားဖြင့် အဖွဲ့အစည်းအားလုံးနှင့်လိုက်လျောညီထွေပေါင်းသင်းဆက်ဆံမှုကိုဖော်ပြလျှက်ရှိသည်ကို ရည်ညွှန်းသည်။

.........................

(၃) အလံဇဟိုအဝါရောင်စက်ဝိုင်းအတွင်းရှိ အစိမ်းရောင်ဖြင့်ဖော်ပြထားသော မြန်မာပြည်မြေပုံသည် အလုပ်သမား၊ တောင်သူလယ်သမား အခြေခံလူတန်းစားတို့၏ စားဝတ်နေရေး၊ လူမှုရေးတို့တွင် ထာဝရအစဉ်တိုးတက်မှု၊ သာယာဝပြောမှုကို ရည်ညွှန်းသည်။

(၄) ပါတီ၏ အလံအား အကြီးအသေးသုံးစွဲရာတွင် သတ်မှတ်စကေးအရွယ်အစားနှင့်အညီ သုံးစွဲသွားမည်။

(ဂ) ပါတီ၏တံဆိပ်ကို ပါတီ၏အလံပုံစံအတိုင်း အလျား(၂. ၃)လက်မ၊ အနံ(၁. ၂၅)လက်မရှိ အနီရောင်နောက်ခံနှင့် အလယ်အဝါရောင်စက်ဝိုင်းတွင် ပေါ်တန်း၌ "မြန်မာနိုင်ငံအလုပ်သမား၊ လယ်သမားမဟာမိတ်ပါတီ"ဟု ရေးသားထားပြီး အဝါအောက်တန်း၌ (A.M.W.F.P)ဟု ရေးသားဖော်ပြထားပါသည်။ အဝါရောင်စက်ဝိုင်းဇဟိုတွင် အစိမ်းရောင်မြန်မာပြည်မြေပုံဖြစ်ပါသည်။

ပါတီတံဆိပ်




(ဃ) ပါတီတံဆိပ်၏ အနက်အဓိပ္ပါယ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁) ပါတီတံဆိပ်၏နောက်ခံအနီရောင်သည် ရဲရင့်ပြတ်သားသည်ဟု အဓိပ္ပါယ် ဖော်ဆောင်ပါသည်။

(၂) စက်ဝိုင်းအဝါရောင်သည် မေတ္တာတရားနှင့် ပေါင်းသင်းဆက်ဆံမှု စိတ်သဘောထားရှိကြောင်း ဖော်ဆောင်နေပါသည်။

(၃) အဝါရောင်စက်ဝိုင်းအလယ်ဇဟိုတွင် အစိမ်းရောင်ဖြင့် မြန်မာပြည်မြေပုံသည် မြန်မာနိုင်ငံရှိ အလုပ်သမား၊ တောင်သူလယ်သမား၊ အခြေခံလူတန်းစားတို့၏ စားဝတ်နေရေး၊ လူမှုရေးတွင် ထာဝရငြိမ်းချမ်းသာယာဝပြောမှုကို ရည်ညွှန်းပါသည်။

(င) ပါတီရုံးတံဆိပ်

(၁) ပါတီရုံးတံဆိပ်သည် အလျား(၂)လက်မ စက်ဝိုင်းဖြစ်သည်။

(၂) ပါတီရုံးတံဆိပ်သည် စက်ဝိုင်းအတွင်း ထိပ်ဆုံးတွင် မြန်မာနိုင်ငံအလုပ်သမား၊ လယ်သမားမဟာမိတ်ပါတီ အမည်ဖြစ်သည်။


(၃) အလယ်တွင်စာအမှတ်နှင့် ရက်စွဲစာတမ်းပါရှိသည်။

(၄) အောက်ခြေတွင် ဇဟိုဌာနချုပ်အမည်၊ တိုင်း/ပြည်နယ်/ခရိုင်/မြို့နယ်/ရပ်ကျေး စာတမ်းအနေအထားအရ ပြောင်းလဲသုံးစွဲမည်။

W-19 (A4)Sinnar 142

.........................

(၅) ပါတီရုံးတံဆိပ်အရွယ်အစား အကြီးအသေးပြုလုပ်ရာတွင် အဆိုပါ အမျိုးအစားအတိုင်း ကိုက်ညီစေရမည်။




## အခန်း(၂)

## ပါတီ၏ဖွဲ့စည်းပုံအဆင့်ဆင့်

၁။ မြန်မာနိုင်ငံအလုပ်သမား၊ လယ်သမားမဟာမိတ်ပါတီ(Alliance Of Myanmar's Worker and Farmer Party)ကို အောက်ပါအတိုင်း အဆင့်ဆင့်သတ်မှတ်ဖွဲ့စည်းသည်-

၁။ ရပ်ကွက်/ကျေးရွာ ပါတီ

၂။ မြို့နယ်ပါတီ

၃။ ခရိုင်ပါတီ

၄။ တိုင်းဒေသကြီးနှင့် ပြည်နယ်ပါတီ

၅။ ပါတီ(ဗဟို)ဌာနချုပ်

**၂။ ပါတီအဆင့်ဆင့်အလုပ်အမှုဆောင်အဖွဲ့များ ဖွဲ့စည်းခြင်း**

(က) ရပ်ကွက်/ကျေးရွာ ပါတီအမှုဆောင်အဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းသည်-

| | | | |
|---|---|---|---|
| (၁) | ဥက္ကဋ္ဌ | (၁) | ဦး |
| (၂) | အတွင်းရေးမှူး | (၁) | ဦး |
| (၃) | ဘဏ္ဍာရေးမှူး | (၁) | ဦး |
| (၄) | အမှုဆောင်အဖွဲ့ဝင် | (၇) | ဦး |
| | **စုစုပေါင်း** | **(၁၀)** | **ဦး** |

(ခ) မြို့နယ်ပါတီအလုပ်အမှုဆောင်ကော်မီတီအဖွဲ့များကို အောက်ပါအတိုင်းဖွဲ့စည်းသည်-

| | | | |
|---|---|---|---|
| (၁) | ဥက္ကဋ္ဌ | (၁) | ဦး |
| (၂) | ဒုဥက္ကဋ္ဌ | (၁) | ဦး |
| (၃) | အထွေထွေအတွင်းရေးမှူး | (၁) | ဦး |
| (၄) | တွဲဘက်အထွေထွေအတွင်းရေးမှူး | (၁) | ဦး |
| (၅) | ဘဏ္ဍာရေးမှူး | (၁) | ဦး |
| (၆) | တွဲဘက်ဘဏ္ဍာရေးမှူး | (၁) | ဦး |
| (၇) | အလုပ်အမှုဆောင်ကော်မီတီ | (၉) | ဦး |
| | **စုစုပေါင်း** | **(၁၅)** | **ဦး** |

(ဂ) ခရိုင်ပါတီအလုပ်အမှုဆောင်ကော်မီတီ အဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းသည်-

| | | | |
|---|---|---|---|
| (၁) | ဥက္ကဋ္ဌ | (၁) | ဦး |
| (၂) | ဒုဥက္ကဋ္ဌ | (၁) | ဦး |
| (၃) | အထွေထွေအတွင်းရေးမှူး | (၁) | ဦး |
| (၄) | တွဲဘက်အထွေထွေအတွင်းရေးမှူး | (၁) | ဦး |
| (၅) | ဘဏ္ဍာရေးမှူး | (၁) | ဦး |
| (၆) | တွဲဘက်ဘဏ္ဍာရေးမှူး | (၁) | ဦး |
| (၇) | အလုပ်အမှုဆောင်ကော်မီတီ | (၁၀) | ဦး |
| | စုစုပေါင်း | ( ၁၆ ) | ဦး |

(ဃ) တိုင်းဒေသကြီးနှင့် ပြည်နယ်ပါတီအလုပ်အမှုဆောင်ကော်မီတီ အဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းသည် -

| | | | |
|---|---|---|---|
| (၁) | ဥက္ကဋ္ဌ | (၁) | ဦး |
| (၂) | ဒုဥက္ကဋ္ဌ | (၁) | ဦး |
| (၃) | အထွေထွေအတွင်းရေးမှူး | (၁) | ဦး |
| (၄) | တွဲဘက်အထွေထွေအတွင်းရေးမှူး | (၁) | ဦး |
| (၅) | ဘဏ္ဍာရေးမှူး | (၁) | ဦး |
| (၆) | တွဲဘက်ဘဏ္ဍာရေးမှူး | (၁) | ဦး |
| (၇) | အလုပ်အမှုဆောင်ကော်မီတီ | (၁၀) | ဦး |
| | စုစုပေါင်း | ( ၁၆ ) | ဦး |

(င) ပါတီဗဟိုဌာနချုပ်အလုပ်အမှုဆောင်ကော်မီတီအဖွဲ့ကို အောက်ပါအတိုင်းဖွဲ့စည်းသည်-

| | | | |
|---|---|---|---|
| (၁) | နာယက | (၁) | ဦး |
| (၂) | ဥက္ကဋ္ဌ | (၁) | ဦး |
| (၃) | ဒုဥက္ကဋ္ဌ | (၁) | ဦး |
| (၄) | အထွေထွေအတွင်းရေးမှူး | (၁) | ဦး |
| (၅) | တွဲဘက်အထွေထွေအတွင်းရေးမှူး | (၁) | ဦး |
| (၆) | ဘဏ္ဍာရေးမှူး | (၁) | ဦး |
| (၇) | တွဲဘက်ဘဏ္ဍာရေးမှူး | (၁) | ဦး |
| (၈) | အလုပ်အမှုဆောင်ကော်မီတီ | (၂၀) | ဦး |
| | စုစုပေါင်း | ( ၂၇ ) | ဦး |

........................

**(စ) ပါတီဗဟိုအထွေထွေညီလာခံ**

(၁) မြန်မာနိုင်ငံအလုပ်သမား၊ လယ်သမားမဟာမိတ်ပါတီ ဗဟိုအထွေထွေညီလာခံကို (၅)နှစ်တစ်ကြိမ် ခေါ်ယူကျင်းပရမည်။

(၂) ပါတီဗဟိုညီလာခံကျင်းပမည့်ရက်ကို ဗဟိုဌာနချုပ် အလုပ်အမှုဆောင်ကော်မတီအဖွဲ့၏ အစည်းအဝေးအတည်ပြုဆုံးဖြတ်ချက်အရ ရက်သတ်မှတ်ရမည်။

## အခန်း(၃)

## ပါတီဗဟိုဌာနချုပ် အလုပ်အမှုဆောင်ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၁။ **ပါတီဗဟိုဌာနချုပ် အလုပ်အမှုဆောင်ကော်မတီအဖွဲ့**

(က) ပါတီဗဟိုဌာနချုပ် အလုပ်အမှုဆောင်ကော်မတီသည် ပါတီ၏ အမြင့်ဆုံးသော အာဏာပိုင်အဖွဲ့အစည်းဖြစ်သည်။

(ခ) ပါတီသည် တည်ထောင်သူ (သို့မဟုတ်)ပါတီဝင်များထဲမှ ဗဟိုအစည်းအဝေးတစ်ရပ်ပြုလုပ်၍ ရွေးချယ်တင်မြောက်ခံရသော နာယက၊ ဗဟိုအလုပ်အမှုဆောင် ကော်မတီဝင်များဖြစ်ရမည့်အပြင် အစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူဖြစ်ရမည်။

(ဂ) ပါတီဗဟိုဌာနချုပ် အလုပ်အမှုဆောင်များသည် ပါတီဗဟိုအထွေထွေညီလာခံကြီးမှ သတ်မှတ်ရွေးချယ်ခြင်းဖြင့် ထပ်မံအတည်ပြုသောပုဂ္ဂိုလ်များဖြစ်ကြရမည်။

(ဃ) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့သည် ပါတီဗဟိုညီလာခံမှ ဆုံးဖြတ်ချက်များနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မီတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များကို အောက်ခြေတိုင်း/ပြည်နယ်/ခရိုင်/မြို့နယ်/ရပ်/ကျေးပါတီအဆင့်ဆင့်ကို ညွှန်ကြားဆောင်ရွက်ရမည်။

(င) ပါတီ၏ စည်းမျဉ်းဥပဒေအရ ပါတီမှ ချမှတ်ထားသော လုပ်ငန်းစဉ်များအား တိကျစွာလိုက်နာဆောင်ရွက်ကြရမည်။

(စ) ပါတီလုပ်ငန်းအောင်မြင်ရေးအတွက် အထက်ညွှန်ကြားချက်များကို အောက်ခြေပါတီအဖွဲ့အစည်းအဆင့်ဆင့်သို့ လိုအပ်သည့်အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ရမည်။

(ဆ) ဗဟိုအလုပ်အမှုဆောင်ကော်မီတီအဖွဲ့သည် ပါတီ၏လုပ်ငန်းစဉ်များ ချောမွေ့အောင်မြင်နိုင်ရေးအတွက် ဆပ်ကော်မီတီများ ဖွဲ့စည်းပေးရမည်။

(ဇ) အထွေထွေညီလာခံ (သို့မဟုတ်) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မီတီမှ ရွေးချယ်အတည်ပြုသတ်မှတ်ခြင်းခံရသောနာယက၊ပါတီအလုပ်အမှုဆောင်ကော်မီတီများသည် ဝန်ခံကတိသစ္စာပြုလွှာတွင် လက်မှတ်ရေးထိုးသစ္စာပြုရမည်။

(ဈ) ပါတီဗဟိုအလုပ်အမှုဆောင်ကော်မီတီသည် ချမှတ်ထားသော စည်းကမ်းအားလိုက်နာ ဆောင်ရွက်ရမည်။

## ၂။ ပါတီဗဟိုဌာနချုပ် (နာယက)လုပ်ပိုင်ခွင့်

(က) ပါတီဗဟိုဌာနချုပ်အလုပ်အမှုဆောင်ကော်မီတီ၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့်ရွေးချယ်တင်မြှောက်ထားသော(နာယက)ဖြစ်ရမည်။

(ခ) ပါတီဗဟိုဌာနချုပ်တွင် ခန့်အပ်ထားသော (နာယက)သည် ပါတီ၏ အမြင့်ဆုံးအကြံပေးပုဂ္ဂိုလ်ဖြစ်သကဲ့သို့ ပါတီ၏ ကိစ္စအဝဝအား ဦးဆောင် အကြံပေး လမ်းညွှန်မှု ဆောင်ရွက်ရမည်။

## ၃။ ပါတီဗဟိုဌာနချုပ် ဥက္ကဋ္ဌ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

(က) ဥက္ကဋ္ဌ သည် ပါတီ၏ဥပဒေနှင့်အညီ အမြင့်ဆုံးတာဝန်ရှိ ခေါင်းဆောင်ဖြစ်သည်။

(ခ) ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက် ချမှတ်ထားသော လုပ်ငန်းကိစ္စအဝဝကို ဦးစီးဆောင်ရွက်ရန် တာဝန်ရှိသည်။

(ဂ) ပါတီမှ ချမှတ်ထားသော စည်းကမ်းချက်များ၊ လုပ်ငန်းစဉ်များ အောင်မြင်စွာ ဖော်ဆောင်နိုင်ရေးအတွက် ဦးစီးဆောင်ရွက်ရမည်။

(ဃ) အထက်ညွှန်ကြားချက်နှင့်တကွ အမိန့်ညွှန်ကြားချက်များ အောက်ခြေပါတီအဖွဲ့အစည်းအဆင့်ဆင့်သို့ ထုတ်ပြန်ဆောင်ရွက်ရန် တာဝန်ရှိသူဖြစ်ရမည်။

(င) ပါတီဗဟိုဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးတွင် လိုအပ်လျှင် သဘာပတိအဖြစ် ကွပ်ကဲတာဝန်ယူဆောင်ရွက်ရမည်။

(စ) ဥက္ကဋ္ဌမှ တာဝန်များကြောင့် ဗဟိုတာဝန်မထမ်းဆောင်နိုင်သည့်အချိန် ဒုဥက္ကဋ္ဌ မှ လုပ်ငန်းတာဝန် အောင်မြင်စေရန် (ယာယီ) ဒုဥက္ကဋ္ဌ သို့ တာဝန်လုပ်ပိုင်ခွင့် လွှဲပြောင်းပေးရမည်။

(ဆ) ပါတီဝင်အသိအမှတ်ပြုကဒ်ပြားပေါ်တွင် ဥက္ကဋ္ဌ မှ အဖွဲ့တံဆိပ်ရိုက်နှိပ်၍ အတည်ပြုလက်မှတ်ရေးထိုးရမည်။

(ဇ) အကြောင်းအမျိုးမျိုးကြောင့် အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် တိုင်း/ခရိုင်/မြို့နယ်ဥက္ကဋ္ဌများမှ ပါတီဝင်ကဒ်များတွင် ခွင့်ပြုချက်အရ တရားဝင် လက်မှတ်ထိုးပိုင်ခွင့် ပြုရမည်။

၄။ **ပါတီဗဟို ဒုဥက္ကဋ္ဌ ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

(က) ဒုဥက္ကဋ္ဌ သည် ပါတီ၏ အမြင့်ဆုံး ဒုတိယတာဝန်ရှိသည့် ခေါင်းဆောင်ဖြစ်သည်။

(ခ) ဥက္ကဋ္ဌ မအားလပ်သည့်အခါ ပါတီ၏လုပ်ငန်းတာဝန်များကို ဒုတိယဥက္ကဋ္ဌမှ ကိုယ်စား တာဝန်ယူ ဆောင်ရွက်ရမည်။

(ဂ) ဥက္ကဋ္ဌသည် အကြောင်းအမျိုးမျိုးကြောင့် ပါတီတာဝန်များကို ထမ်းဆောင်နိုင်သော အခြေအနေ မရှိပါက ဒုဥက္ကဋ္ဌမှ (ယာယီ)ပါတီ၏ လုပ်ငန်းတာဝန်များကို တာဝန်ယူ ဆောင်ရွက်ရမည်။

၅။ **ပါတီဗဟိုဌာနချုပ်အထွေထွေအတွင်းရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

(က) အထွေထွေအတွင်းရေးမှူးသည် ပါတီတစ်ရပ်လုံး၏ လုပ်ငန်းဆောင်တာများ အကောင် အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပါတီအဖွဲ့အစည်းအဆင့်ဆင့် ကိုကြပ်မတ်ရ မည်။

(ခ) အထွေထွေအတွင်းရေးမှူးသည် ပါတီဗဟိုကော်မီတီအဖွဲ့မှ ချမှတ်ထားသည့် လုပ်ငန်း စဉ်များအား ဆုံးဖြတ်ချက်များနှင့်အညီ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင် ရွက်ရမည်။

(ဂ) ဥက္ကဋ္ဌ/ဒုဥက္ကဋ္ဌ များ၏ ညွှန်ကြားချက်များအရ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မီတီ အစည်းအဝေးကို ခေါ်ယူကျင်းပရမည်။

(ဃ) ညွှန်ကြားချက်နှင့်အညီ မိမိလုပ်ဆောင်ချက်များကို ပါတီဗဟိုဌာနချုပ်အလုပ်အမှုဆောင် ကော်မီတီမှလည်း တာဝန်ခံရမည်။

၆။ **တွဲဘက်အထွေထွေအတွင်းရေးမှူး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

(က) အထွေထွေအတွင်းရေးမှူး၏ လုပ်ငန်းတာဝန်များအား တွဲဘက်၍သော်လည်းကောင်း၊ သီးခြားသော်လည်းကောင်း ကူညီဆောင်ရွက်ရမည်။

(ခ) အထွေထွေအတွင်းရေးမှူး မအားလပ်သည့်အခါ အထွေထွေအတွင်းရေးမှူး၏ ဆောင်ရွက် ရမည့်လုပ်ငန်းတာဝန်များကို (ယာယီ)တာဝန်ယူဆောင်ရွက်ရမည်။

၇။ **တိုင်း၊ပြည်နယ်၊ခရိုင်၊မြို့နယ်၊ရပ်/ကျေးတို့၏ဥက္ကဋ္ဌ၊ဒုဥက္ကဋ္ဌ၊အထွေထွေအတွင်းရေးမှူး များ၏ တာဝန်ဝတ္တရားများ**

တိုင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ၊ ရပ်/ကျေး ဥက္ကဋ္ဌ ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး တို့၏ တာဝန်ဝတ္တရား များသည် ပါတီဗဟိုဌာနချုပ်၏ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ ၊ အတွင်းရေးမှူး တို့ ပေးအပ်သော တာဝန်များနှင့် နည်းတူ တိုင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေး တို့၏ အဆင့်လိုက် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဘက်အတွင်းရေးမှူး တို့၏ တာဝန်ဝတ္တရားများသည် အထက်ပါ တာဝန်နှင့်ထပ်တူထပ်မျှ တာဝန် ရှိရမည်။

## အခန်း(၄)

## လုပ်ငန်းကော်မီတီများ ဖွဲ့စည်းခြင်း

၁။ **ပါတီဗဟိုဌာနချုပ်အလုပ်အမှုဆောင်ကော်မီတီအဖွဲ့**သည် ပါတီ၏ လုပ်ငန်းရပ်များ အောင်မြင်စေရေးအတွက် အောက်ပါလုပ်ငန်းကော်မီတီခွဲများ ဖွဲ့စည်းရမည်-

(က) စီမံခန့်ခွဲရေး ဆပ်ကော်မီတီ

(ခ) အုပ်ချုပ်ရေး ဆပ်ကော်မီတီ

(ဂ) သတင်းနှင့်ပြန်ကြားရေး ဆပ်ကော်မီတီ

(ဃ) စည်းရုံးလှုံ့ဆော်ရေး ဆပ်ကော်မီတီ

(င) ဥပဒေရေးရာ ဆပ်ကော်မီတီ

(စ) ညှိနှိုင်းဆောင်ရွက်ရေး ဆပ်ကော်မီတီ

(ဆ) လိုအပ်ပါက ထပ်မံဖွဲ့စည်း ဆပ်ကော်မီတီ

၂။ ပါတီ၏ မျိုးဆက်သစ်ခေါင်းဆောင်များ ပြုစုပျိုးထောင်နိုင်ရေးအတွက် အောက်ပါရေးရာကော်မီတီများ ဖွဲ့စည်း ဆောင်ရွက်မည်-

(က) လူငယ်ရေးရာ ကော်မီတီ

(ခ) အမျိုးသမီးရေးရာ ကော်မီတီ

(ဂ) အလုပ်သမားရေးရာ ကော်မီတီ

(ဃ) တောင်သူလယ်သမားရေးရာ ကော်မီတီ

(င) ပညာရေး ကော်မီတီ

(စ) ကျန်းမာရေး ကော်မီတီ

(ဆ) လူမှုရေးရာ ကော်မီတီ

## အခန်း(၅)

## ပါတီဝင်များလိုက်နာရမည့် စည်းကမ်းများ၊ အရေးယူခြင်း၊ အစည်းအဝေးခေါ်ယူခြင်း

၁။ ပါတီဝင်များသည် ပါတီမှ ချမှတ်ထားသည့် အောက်ပါ စည်းမျဉ်း၊ စည်းကမ်း ညွှန်ကြားချက်များကို လိုက်နာရမည် -

(က) ပါတီဝင်အချင်းချင်း ခင်မင်ရင်းနှီးစွာ ပေါင်းသင်းဆက်ဆံရမည်။

(ခ) တာဝန်အဆင့် အလျှောက် တစ်ဦးနှင့်တစ်ဦး ရှိသေလေးစားမှု ရှိရမည်။

(ဂ) အကြောင်းအမျိုးမျိုးကြောင့် ပါတီတာဝန်မှ ရပ်နားလိုပါက ပါတီဗဟိုဌာနချုပ်သို့ တင်ပြ အတည်ပြုချက်ရယူရမည်။

……………………

(ဃ) ညွှန်ကြားချက်အရ ပေးအပ်သည့်တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရမည်။

(င) နိုင်ငံတော်အား လက်နက်ကိုင်ဆန့်ကျင်နေသော သောင်းကျန်းသူအဖွဲ့အစည်းဝင် (သို့မဟုတ်) အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သည်ဟု နိုင်ငံတော်က သတ်မှတ်ထားသောအဖွဲ့ အစည်းဝင်နှင့် ပုဂ္ဂိုလ်များ (သို့မဟုတ်)တည်ဆဲဥပဒေတစ်ရပ်ရပ်အရ မတရားအသင်းအဖြစ် ကြေညာခံရသော အဖွဲ့အစည်းဝင်(သို့မဟုတ်) ယင်းအဖွဲ့အစည်းဝင်များနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်သွယ်ခြင်း(သို့မဟုတ်)အားပေးကူညီခြင်း မပြုလုပ်ရန် ရှောင်ကျဉ်ရမည်။

(စ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပါပြစ်မှုတစ်ရပ်ရပ်နှင့် ငြိစွန်းသူ မဖြစ်ရန် ရှောင်ကျဉ်ရမည်။

(ဆ) နိုင်ငံခြားသား(သို့မဟုတ်)နိုင်ငံခြားသားအဖြစ် ခံယူမှုမှ ကင်းရှင်းရမည်။

(ဇ) ကျွန်တော်/ကျွန်မသည် ထုတ်ပြန်ထားသော ဥပဒေပုဒ်မ(၆)ပါ ပြဋ္ဌာန်းချက်များကို စောင့်ထိန်းလိုက်နာမည်ဖြစ်ပါသည်။

## ၂။ ပါတီအတွင်းအရေးယူဆောင်ရွက်ခြင်း။

ပါတီမှ ချမှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ဖောက်ဖျက်ကြောင်း ကျူးလွန်ခြင်း(သို့မဟုတ်)စွပ်စွဲခံရပါက-

(က) ကျူးလွန်းဖောက်ဖျက်မှု အပေါ်အခြေခံ၍ ပါတီဗဟိုအလုပ်အမှုဆောင်ကော်မီတီအဖွဲ့မှ စုံစမ်းစစ်ဆေးမှု ခုံရုံးအဖွဲ့ဖွဲ့စည်း၍ ဆောင်ရွက်ရမည်။

(ခ) အသေးစိတ်စုံစမ်းမှု အမှုပေါ်ပေါက်အောင် ဆောင်ရွက်ရမည်။

(ဂ) ကျူးလွန်းဖောက်ဖျက်ကြောင်းပေါ်လွင် ထင်ရှားပါကအမှုကြီး/သေးကိုစွပ်ပေါ်မူတည်၍ (ပထမ)အကြိမ် သတိပေးခြင်းသော်လည်းကောင်း (သို့မဟုတ်)ပါတီဝင်အဖြစ်မှ နှုတ်ထွက်စေခြင်းသော်လည်းကောင်း အပြစ်ပေးခြင်းခံရမည်။

(ဃ) လိုအပ်ပါက တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူခြင်းခံရမည်။

(င) အရေးယူခံရသူသည် ပါတီဗဟိုဌာနချုပ်အလုပ်အမှုဆောင်ကော်မီတီအဖွဲ့တွင် အယူခံပိုင်ခွင့်ရှိသည်။

## ၃။ ပါတီအစည်းအဝေးများခေါ်ယူကျင်းပခြင်း။

### (က) မြန်မာနိုင်ငံအလုပ်သမားလယ်သမားမဟာမိတ်ပါတီ အထွေထွေညီလာခံ

(၁) ပါတီဗဟိုအထွေထွေညီလာခံပုံမှန်အစည်းအဝေးကို (၅)နှစ်တစ်ကြိမ်ခေါ်ယူကျင်းပမည်။

(၂) ပါတီဗဟိုညီလာခံကျင်းပမည့် နေ့ရက်နှင့် နေရာကို ပါတီ(ဗဟို)ဌာနချုပ်အလုပ်အမှုဆောင်ကော်မီတီအဖွဲ့မှ သတ်မှတ်ချက်နှင့်အညီဆောင်ရွက်ရမည်။

W-19 (A4) Sinar 145

(၃) အရေးပေါ်ညီလာခံ/အထူးညီလာခံများကို လိုအပ်ပါက ပါတီ(ဗဟို)ဌာနချုပ် အလုပ်အမှုဆောင်ကော်မီတီအဖွဲ့၏ သတ်မှတ်ချက်အရ ခေါ်ယူကျင်းပရမည်။

## (ခ) ပါတီ(ဗဟို)ဌာနချုပ်အလုပ်အမှုဆောင်ကော်မီတီအဖွဲ့ပုံမှန် အစည်းအဝေး

(၁) ပါတီ(ဗဟို)ဌာနချုပ်အလုပ်အမှုဆောင်ကော်မီတီအဖွဲ့၏ ပုံမှန်အစည်းအဝေးကို (၁)လ (၁)ကြိမ်ကျင်းပပြုလုပ်ရမည်။

(၂) အရေးပေါ်အစည်းအဝေးနှင့် အထူးအစည်းအဝေးများကို အခါအားလျော်စွာ ခေါ်ယူကျင်းပရမည်။

## (ဂ) တိုင်းဒေသကြီး(သို့မဟုတ်)ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်/ကျေး ပါတီအဖွဲ့ အစည်းများ အစည်းအဝေး

(၁) တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်မှ အောက်ခြေအဆင့်ဆင့်သော ပါတီအဖွဲ့ အစည်းများ၏ ပုံမှန်အစည်းအဝေးကို (၁)လလျှင်တစ်ကြိမ် ခေါ်ယူကျင်းပရမည်။

(၂) အထူးအစည်းအဝေးနှင့် အရေးပေါ်အစည်းအဝေးများကို ပါတီ(ဗဟို)ဌာနချုပ် အလုပ်အမှုဆောင်ကော်မီတီအဖွဲ့၏ အတည်ပြုချက်၊ သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာ ပါတီအဖွဲ့အစည်းများ၏ ဥက္ကဋ္ဌ များမှ တာဝန်ယူ ဆောင်ရွက်ရမည်။

.........................

## အခန်း(၆)

ပါတီအခြေခံစည်းမျဉ်းအား ပြင်ဆင်ဖြည့်စွက်ခြင်း

မြန်မာနိုင်ငံ အလုပ်သမားလယ်သမားမဟာမိတ်ပါတီ၏ အခြေခံစည်းမျဉ်းကို ( ၅ . ၃ . ၂၀၂၀) ရက်နေ့တွင် ပါတီတည်ထောင်လိုသူများ အစည်းအဝေးဆုံးဖြတ်ချက်အရ အတည်ပြုသတ်မှတ်ပြီးဖြစ်ပါသည်။

၁။ ၎င်းအခြေခံ စည်းမျဉ်းများကို ပြင်ဆင်ဖြည့်စွက်ခြင်းများ ပြုလုပ်ရန်လိုအပ်ပါက ပါတီ(ဗဟို) ဌာနချုပ် အလုပ်အမှုဆောင်ကော်မတီအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ သော်လည်းကောင်း၊ အထွေထွေညီလာခံကြီး၌သော်လည်းကောင်း၊ ပြင်ဆင်ဖြည့်စွက်အတည်ပြုခြင်း ပြုနိုင်သည်။

၂။ ပါတီဗဟိုဌာနချုပ်အလုပ်အမှုဆောင်ကော်မတီ(သို့မဟုတ်)ပါတီညီလာခံသို့ တက်ရောက်လာကြသည့် ကိုယ်စားလှယ်စုစုပေါင်း(၇၅%)၏ သဘောတူညီချက်ရရှိမှသာ အခြေခံစည်းမျဉ်းကို ပြင်ဆင်ဖြည့်စွက်ပြောင်းလဲအစားထိုးခြင်းအား အတည်ပြုရမည်။

**မှတ်ချက်။** ။ ( ၅ . ၃ . ၂၀၂၀ )အစည်းအဝေးဆုံးဖြတ်ချက်

ခေါင်းဆောင်

( ဦး တင်ဝေ )

မြန်မာနိုင်ငံအလုပ်သမားလယ်သမားမဟာမိတ်ပါတီ

(Alliance Of Myanmar's Worker And Farmer Party)

ဒုခေါင်းဆောင်

( ဦး တင်ရှိ )

မြန်မာနိုင်ငံအလုပ်သမားလယ်သမားမဟာမိတ်ပါတီ

(Alliance Of Myanmar's Worker And Farmer Party)